# ဌာနေတိုင်းရင်းသားအခွင့်အရေးဆိုင်ရာကျွမ်းကျင်သူများအဖွဲ့ (အမ်းရစ်)

## The Expert Mechanism on the Rights of Indigenous Peoples (EMRIP)



(စီမံချက် နယ်မြေအတွင်း ကန့်သတ်ထုတ်ဝေသည်။)

### ဌာနေတိုင်းရင်းသားအခွင့်အရေးဆိုင်ရာ ကျွမ်းကျင်သူများအဖွဲ့(အမ်းရစ်)ဆိုသည်မှာ၊

ဌာနေတိုင်းရင်းသားအခွင့်အရေးဆိုင်ရာ ကျွမ်းကျင်သူများအဖွဲ့သည် ကုလသမဂ္ဂလူ့အခွင့်အရေးကောင်စီ(HRC)လက်အောက်ရှိ ဌာနေခွဲတစ်ခု ဖြစ်သည်။ HRCကို ကုလသမဂ္ဂအထွေထွေညီလာခံကြီးမှ ၂၀၀၆ ခုနှစ်တွင် စတင်ဖွဲ့စည်းခဲ့ပြီး လူ့အခွင့်အရေးနှင့်ပတ်သက်၍ ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံများ၏ အစိုးရများနှင့် ညှိနှိုင်းလုပ်ဆောင်ရသည့်အဖွဲ့ဖြစ်သည်။ ၂၀၀၇ ခုနှစ်တွင် လူ့အခွင့်အရေးကော်မရှင်မှ အမ်းရစ် – EMRIP ကို ဖွဲ့စည်းခဲ့သည်။ အမ်းရစ် – EMRIP အနေဖြင့် တစ်နှစ်လျှင် တစ်ကြိမ် ရက်သတ္တပတ်တစ်ပတ်ကြာမြင့်သည့် နှစ်ပတ်လည်အစည်းအဝေးကို ဂျီနီဗာမြို့တွင် ကျင်းပသည်။ အမ်းရစ် – EMRIP သည် ၂၀၀၇ ခုနှစ်မှ စတင်ပြီး လုပ်ငန်းတာဝန်အသစ်ဖြစ်သော နည်းပညာပူးပေါင်းဆောင်ရွက်မှု၊ နိုင်ငံအလိုက် အထူးတာဝန်များအပါအဝင် နိုင်ငံအလိုက် ပေါင်းစပ်ညှိနှိုင်းမှုလုပ်ငန်းများကို အကောင်အထည်ဖော်ရသည်။

## ရည်ရွယ်ချက်

အမ်းရစ် – EMRIP ၏ ရည်ရွယ်ချက်မှာ HRC သို့ ဌာနေတိုင်းရင်းသားအခွင့်အရေးများနှင့်ပတ်သက်သည့် နည်းပညာဆိုင်ရာ အကြံပေးမှုများ စီမံပေးရန်နှင့် အဖွဲ့ဝင်နိုင်ငံများသို့ ဌာနေတိုင်းရင်းသားအခွင့်အရေးဆိုင်ရာ ကုလသမဂ္ဂကြေညာစာတမ်း(UNDRIP)တွင် ပြဋ္ဌာန်းထားသည့်အတိုင်း မေတ္တာရပ်ခံတောင်းဆိုပေးရန် ဖြစ်သည်။ UNDRIPတွင် ချမှတ်ထားသည့် ပန်းတိုင်များဖြစ်သော ဌာနေတိုင်းရင်းသားများ၏ အခွင့်အရေးများကို မြှင့်တင်ပေးရန်၊ ကာကွယ်ပေးရန်နှင့် ဖြည့်ဆည်းပေးရန်(အပိုဒ် ၁)အတွက် အမ်းရစ် – EMRIP မှ စွမ်းစွမ်းတမံ ကြိုးပမ်းလုပ်ဆောင်ရပါသည်။

## ဖွဲ့စည်းပုံ

အမ်းရစ် – EMRIP ကို လွတ်လပ်၍ အမှီခိုကင်းပြီး ဌာနေတိုင်းရင်းသားအခွင့်အရေးများနှင့်ပတ်သက်လျှင် ကျွမ်းကျင်သည့် ပညာရှင်ခုနှစ်ဦးဖြင့် ဖွဲ့စည်းထားပါသည်။ ယင်းပညာရှင်များကို ရွေးချယ်ခန့်အပ်ရာတွင် အသိအမှတ်ပြုနိုင်လောက်သည့် ကျွမ်းကျင်လိမ္မာမှု၊ ဌာနေတိုင်းရင်းသားအခွင့်အရေးဆိုင်ရာ အတွေ့အကြုံ၊ ဌာနေတိုင်းရင်းသားများ၏ ဇစ်မြစ်လားရာများလေ့လာရာတွင် နှံ့စပ်သူနှင့် ကျားမချိန်ခွင်လျှာပေါ်မူတည်ပြီး HRC မှ ရွေးချယ်ခန့်အပ်သည်။ ၎င်းတို့အား သုံးနှစ်သက်တမ်းနှင့် နောက်ထပ်သက်တမ်းတစ်ကြိမ် ရွေးချယ်ခန့်ထားနိုင်သည်။

## အမ်းရစ် – EMRIP ၏ လုပ်ဆောင်ချက်

HRCသို့ ဌာနေတိုင်းရင်းသားများဆိုင်ရာ အချက်အလက်များကို ကျွမ်းကျင်စွာ စီမံပေးရသည်။ ဌာနေတိုင်းရင်းသားကိုယ်စားလှယ်များ၊ ထိုနည်းတူ သက်ဆိုင်ရာ နိုင်ငံတော်အစိုးရများအပါအဝင် လေ့လာသုံးသပ်သူများမှ ပေးပို့လာသည့်သတင်းအချက်အလက်များအပေါ်တွင် မူတည်၍ EMRIP ၏ အဓိက လုပ်ငန်းဖြစ်သော သုတေသနပြုခြင်းနှင့် လေ့လာခြင်းများကို အကောင်အထည်ဖော်လုပ်ဆောင်ရသည်။ သုံးသပ်မှုများပြုလုပ်ရန်နှင့် HRC ၏အတည်ပြုချက်ရယူရန် လေ့လာသင့်သည့် ခေါင်းစဉ်များနှင့် ထောက်ခံချက်များကို အကြံပြုပေးရသည်။ ထို့ကြောင့် အမ်းရစ် –EMRIP ကျွမ်းကျင်သူများအဖွဲ့မှ အကူအညီတောင်းလာသည့် သတင်းအချက်အလက်များကို ဖြေကြားပေးရန် ဌာနေတိုင်းရင်းသားအဖွဲ့အစည်းများအနေဖြင့် အထူးအရေးကြီးရခြင်းဖြစ်ပါသည်။




IWGIA | NICFI — Norway's International Climate and Forest Initiative | POINT — Promotion Of Indigenous and Nature Together

# အမ်းရစ် – EMRIP နှင့် ဌာနေတိုင်းရင်းသား ကိုယ်စားလှယ်များ ပေါင်းစပ်ညှိနှိုင်းမှု

ဌာနေတိုင်းရင်းသားအနေဖြင့် အမ်းရစ် – EMRIPနှင့် ပေါင်းစပ်လုပ်ကိုင်ရန် နည်းလမ်းနှစ်သွယ်ရှိသည်။ ပထမနည်းလမ်းမှာ အမ်းရစ် – EMRIP မှ တောင်းခံလာသည့် အစီရင်ခံစာကို တုံ့ပြန်တင်ပြပေးခြင်းဖြစ်သည်။ ဒုတိယနည်းလမ်းမှာ လူကိုယ်တိုင် နှစ်စဉ် ဂျီနီဗာမြို့တွင် ကျင်းပသည့် အစည်းအဝေးတွင် တင်ပြဆွေးနွေးခြင်းအားဖြင့် ပေါင်းစပ်လုပ်ဆောင်နိုင်ပါသည်။ ယင်းအစည်းအဝေးတွင် လူကိုယ်တိုင် ဆွေးနွေးနိုင်ရန် မှတ်ပုံတင်ခွင့်ရှိသူများမှာ

(က) ကုလသမဂ္ဂ စီးပွားရေးနှင့် လူမှုရေးကောင်စီ(ECOSOC) တွင် အတိုင်ပင်ခံ အဆင့်ရှိသည့် အစိုးရမဟုတ်သည့်အဖွဲ့အစည်း၏ ကိုယ်စားလှယ်များ၊

(ခ) ECOSOC တွင် အတိုင်ပင်ခံ အဆင့်မရှိသည့် ဌာနေတိုင်းရင်းသားအဖွဲ့အစည်းနှင့် အင်န်ဂျီအိုအဖွဲ့အစည်းမှ ကိုယ်စားလှယ်များ၊

(ဂ) ပညာရပ်ဆိုင်ရာ ပညာရှင်များနှင့် ဌာနေတိုင်းရင်းသားအရေး ကျွမ်းကျင်သူများ၊

(ဃ) အမျိုးသားအဆင့် လူ့အခွင့်အရေး အစုအဖွဲ့များ(NHRIs) တို့ဖြစ်ပါသည်။





## ဌာနေတိုင်းရင်းသားများနှင့် ပေါင်းစပ်ညှိနှိုင်းရေး ကုလသမဂ္ဂ လုပ်ထုံးလုပ်နည်းဆိုင်ရာ စုဖွဲ့မှုများ

ဌာနေတိုင်းရင်းသားတို့သည် ဆယ်စုနှစ်များစွာကတည်းက မိမိတို့၏ အခွင့်အရေးများနှင့် ဖြစ်တည်မှုများကို အသိအမှတ်ပြုပြီး ကမ္ဘာ့အဆင့် ဖြစ်စဉ်များနှင့် လုပ်ထုံးလုပ်နည်းယန္တရားများတွင် ထည့်သွင်းစဉ်းစားခြင်းခံရရေးအတွက် ကုလသမဂ္ဂဌာနစိတ်အားလုံးကို လွှမ်းမိုးနိုးဆော် နိုင်ရန် စည်းရုံးလှုံ့ဆော်မှုများ ပြုလုပ်ခဲ့ကြရသည်။ ၂၀၀၇ ခုနှစ်တွင် ကမ္ဘာ့ကုလသမဂ္ဂမှ ဌာနေတိုင်းရင်းသားများ အခွင့်အရေးဆိုင်ရာ ကုလ သမဂ္ဂကြေညာစာတမ်း(UNDRIP)ကို လက်ခံပြဌာန်းပေးသည်အထိ ကြိုးပမ်းမှုများ အမြင့်ဆုံးအရာထင်ခဲ့သည်။ ထို့နောက် UNDRIP ထွက် လာပြီးသည့်နောက်ပိုင်း လူ့အခွင့်အရေးကော်မရှင်အောက်တွင် ဌာနေတိုင်းရင်းသားအခွင့်အရေးနှင့် ပတ်သက်သည့် အခြားသော စုဖွဲ့မှု(၃)ခု ထပ်မံပေါ်ထွက်လာခဲ့သည်။ ၎င်းတို့မှာ ဌာနေတိုင်းရင်းသားအရေးဆိုင်ရာ ကုလသမဂ္ဂ အမြဲတမ်းဖိုရမ်(UNPFII)၊ ဌာနေတိုင်းရင်းသားအခွင့် အရေးဆိုင်ရာ အထူးကိုယ်စားလှယ်အဖွဲ့(SRRIP) နှင့် ဌာနေတိုင်းရင်းသားအခွင့်အရေးဆိုင်ရာ ကျွမ်းကျင်သူများအဖွဲ့(အမ်းရစ် – EMRIP) တို့ ဖြစ်သည်။ 1



## မည်သူက ဌာနေတိုင်းရင်းသားများ ဖြစ်သနည်း။

ဌာနေတိုင်းရင်းသားများ၏ ကွဲပြားခြားနားမှုများအပေါ် မူတည်ပြီး “တိုင်းရင်းဖြစ်သော”(indigenous) ဟူသော စကားလုံး၏ တရားဝင် အဓိ ပ္ပါယ်ဖွင့်ဆိုချက်ကို ကုလသမဂ္ဂမှ မွေးစားယူသည်မဟုတ်ချေ။ အောက်ပါ အချက်များအပေါ်တွင် အခြေခံ၍သာ အဆို ဝေါဟာရကို ဖော်ထုတ် ခဲ့ကြခြင်းပင် ဖြစ်ပါသည်။[2]

(၁) ကျူးကျော်သိမ်းပိုက်ခြင်းမတိုင်မီနှင့် ကိုလိုနီခေတ်မတိုင်မီကတည်းကပင် ကိုယ်ပိုင်သမိုင်းအစဉ်အလာများဖြင့် မိမိတို့၏ ကိုယ်ပိုင် နယ်နိမိတ်ပိုင်နက်များကို သတ်မှတ်ဖော်ထုတ်နေထိုင်ကြသူများ၊

(၂) မိမိတို့၏ ပိုင်နက်အတွင်း လက်ရှိဝင်ရောက်နေထိုင်သူများနှင့် မတူညီဘဲ ကွဲပြားသည်ဟု ခံယူစဉ်းစားသူများ၊

(၃) လူ့အသိုင်းအဝိုင်းတွင် စိုးမိုးခြယ်လှယ်ရန် မရှိသည့်ပုံစံဖြင့် ရှင်သန်နေသူများ၊

(၄) အနာဂတ်မျိုးဆက်သစ်များအတွက် မိမိတို့၏ ကိုယ်ပိုင်ယဉ်ကျေးမှုလက္ခဏာများ၊ လူမှုရေးဆိုင်ရာစုဖွဲ့မှုများနှင့် ဥပဒေဆိုင်ရာ စနစ် များကို ထိန်းသိမ်း၊ ဖော်ထုတ်ပြီး ဖြန့်ဝေထုတ်လွှင့်သူများဟု သတ်မှတ်ခံထားရသူများ ဖြစ်သည်။



## မြန်မာ့ရေခံမြေခံတွင်ရှိသော ဌာနေ တိုင်းရင်းသားများ

မြန်မာနိုင်ငံတွင် အဓိကရှိနေသော လူမျိုးရှစ်မျိုးဖြစ်သော ကချင်၊ ကယား၊ ကရင်၊ ချင်း၊ မွန်၊ ဗမာ၊ ရခိုင်၊ ရှမ်းနှင့်ဆက်စပ်သည့် လူမျိုးစုငယ်များအားလုံးသည် ဌာနေတိုင်းရင်းသားများ ဖြစ်ကြသည်။ အထက်ပါ သတ်မှတ်ချက်အတိုင်း အားလုံးလက်ခံနိုင်စရာဖြစ်သည်ဟူ၍ကား မဟုတ်ချေ။ ဥပမာအားဖြင့် နာဂ၊ ဓနုနှင့် ထားဝယ်ကဲ့သို့သော ဌာနေတိုင်းရင်းသားများသည် အထက်တွင် ဖော်ပြထားသည့် မည်သည့်မျိုးနွယ်စုနှင့်မျှ မသက်ဆိုင်ဟု မိမိကိုယ်ကို သတ်မှတ်ထားကြသည်။ အလားတူပင် "တိုင်းရင်းသား" ဟူသော မြန်မာဝေါဟာရသည် (တစ်ခါတရံ လူမျိုး(သို့) လူမျိုးစုများဟု အစိုးရမှ တရားဝင် ဘာသာသည်။) ပထမ အင်္ဂလိပ်ကျူးကျော်သည့်ကာလကတည်းက လက်ရှိ မြန်မာ/ဗမာနိုင်ငံ၏ နယ်နိမိတ်အတွင်း နေထိုင်သူများကိုလည်းကောင်း၊ ဗမာလူများစုအပါအဝင် အဓိကရှိနေသော လူမျိုးရှစ်မျိုးကို ဆိုလိုသည်။

"indigenous peoples" ကို "ဌာနေတိုင်းရင်းသား"ဟု ဘာသာပြန်ဆိုပြီး "လက်ရှိနယ်နိမိတ်များအတွင်း ဘိုးစဉ်ဘောင်ဆက် စည်းနှောင်မှုများဖြင့် မူလဘူတ ကတည်းက နေထိုင်ရှင်သန်သူများ" ဟု အဓိပ္ပါယ်ဖွင့်ထားသည်။ ကိုယ်ပိုင်ပြဌာန်းခွင့်အယူအဆနှင့် မြန်မာ့ရေခံမြေခံအရ လွှမ်းမိုးခြယ်လှယ်မှု မခံရသူများ၊ သမိုင်းအစဉ်အဆက်ရှိသူများ၊ ဘိုးဘွားပိုင် နယ်နိမိတ်များနှင့် ယဉ်ကျေးမှုတန်ဖိုးများ စသည့် စံနှုန်းများအပေါ်အခြေခံပြီး အနက်ဖွင့်

ထားခြင်းဖြစ်သည်။

ဌာနေတိုင်းရင်းသားများတွင် ကိုယ်ပိုင်အုပ်ချုပ်သည့် ရိုးရာစနစ်များရှိသည်။ အချို့သော ဌာနေတိုင်းရင်းသားနယ်မြေများကို ဗမာဘုရင်များက ကိုလိုနီပြုခြင်းခံရသည်။ သို့သော် ဗြိတိသျှကျူးကျော်မှုမတိုင်ခင်(ချင်း၊ ကချင်နှင့် ရှမ်း)အထိ ကိုယ်ပိုင်အုပ်ချုပ်ခဲ့ကြသည်။ နာဂဒေသကဲ့သို့သော အခြားသော ဌာနေတိုင်းရင်းသားဒေသသည် ဗြိတိသျှ ကိုလိုနီပြုခြင်းမခံရဘဲ ကိုလိုနီခေတ်ကတည်းက "အုပ်ချုပ်မှုပြင်ပ ဧရိယာ"အဖြစ် သတ်မှတ်ခံရသည့်နယ်မြေဖြစ်သည်။

## ရည်ညွှန်းကိုးကားစာတမ်းများ


[1]— Right! Volume 2: Updated training manual on Indigenous Peoples, 2015, AIPP.

[2]— UNDP Factsheet: Who are Indigenous Peoples and POINT's who are IPs?

[3]— IP Coalition of UPR report in Myanmar 2020

https://www.docip.org/fileadmin/documents/Docip/Fiches_pratiques/Fiches_EMRIP/EN/Factsheet_EMRIP_2019-en.pdf

https://www.docip.org/en/indigenous-peoples-at-the-un/permanent-forum/


